စိတ်ကူးချိုချိုအနုပညာ

# ကမ္ဘာကျော် ဂျပန်ပုံပြင်များ

## မောင်ခေတ်ထွန်း မြန်မာပြန်



ဒုတိယအကြိမ်

mgyoe.com

# ကမ္ဘာကျော် ဂျပန်ပုံပြင်များ

မောင်ခေတ်ထွန်း မြန်မာပြန်



KHIT0014

1,000.00 KS

mgyoe.com

ကမ္ဘာကျော်ဂျပန်ပုံပြင်များ။ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၀၆ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာကျော် ဂျပန်ပုံပြင်များ

မောင်ခေတ်ထွန်း

ဒုတိယအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ မိန်းမချောကလေးနှင့် ထူးဆန်းသော ကီမိုနို ၁

၂။ ပင်လယ်ရေအောက်မှ တံငါသည် ၁၀

၃။ မျောက်နှင့် ပုစွန်လုံး ၂၅

၄။ ဈေးသည်ကလေးနှင့် တေးသီငှက် ၃၅

၅။ ငလက်မကလေး ၄၂

၆။ နှင်းဖြူမယ် ၅၀

၇။ သူရဲကောင်းကလေး တာရို ၆၃

၈။ ခွေးကလေး ရှီယို ၇၇

၉။ ရွှေလူကလေး ကင်တာရို ၈၆

၁၀။ ကျေးဇူးသိသော ကြိုးကြာငှက် ၉၈




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မိန်းမချောကလေးနှင့် ထူးဆန်းသော ကီမိုနို

တစ်ခါက ဂျပန်နိုင်ငံရှိ ရွာကလေးတစ်ရွာတွင် ရီဟာကူ အမည်ရှိ တံငါသည်တစ်ဦးရှိလေသည်။ သူသည် နာမကျန်းဖြစ်နေသော သူ့အမေအိုကြီးအား ပြုစုစောင့်ရှောက်နေလေသည်။ သူတို့သားအမိသည် 'မီအိုနို မတ်စုဘာရာ' အမည်ရှိ ကမ်းခြေအစပ်ကလေးတွင် တဲကလေးထိုးကာ နေထိုင်ကြလေသည်။ ပင်လယ်နားတွင် သူတို့တဲကလေးတစ်လုံးသာ ထီးတည်းရှိလေသည်။ ကမ်းခြေကလေးမှာ အလွန် လှပသည်။ နူးညံ့သော သဲဖြူပြင်ကြီးသည် ကြည်လင်သော ပင်လယ်ပြာကြီးထဲသို့ ဖြန့်ကား ထိုးဆင်းသွားသည်။ နေ့အချိန်တွင် ပင်လယ်လှိုင်းလုံးကလေးများသည် ကမ်းခြေသို့ ညင်သာစွာ လိမ့်တက်လာလိုက်၊ ပင်လယ်ထဲသို့ လျှောဆင်းသွားလိုက်ဖြင့် စည်းချက်မှန်မှန် ယိမ်းကလျက်ရှိသည်။

ကမ်းခြေတစ်လျှောက်တွင် ထင်းရှူးပင်ကြီးများသည် မြောက်မြားစွာ၊ ပေါက်ရောက်လျက် ရှိသည်။ စိမ်းမြသော ထင်းရှူးရွက်များမှာ နွေဦး၏လေပြည်ထဲတွင် တဖျပ်ဖျပ် လှုပ်ခတ်နေကြသည်။ ထင်းရှူးပင်ကြီးများ၏ အနောက်ဘက်တွင်ကား မြင့်မားလှသည့် ဖူဂျီတောင်ကြီး

mgyoe.com

mgyoe.com


သည် ကောင်းကင်ထဲသို့ ထိုးထွက်နေသည်။ တောင်ထိပ်တွင် ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည်။

ရှိဟာကူနှင့် သူ့မိခင်တို့သည် သူတို့၏ သာယာလှပသော ကမ်းခြေကလေးတွင် နေထိုင်ရသည့်အတွက် အမြဲဂုဏ်ယူပြောဆိုလေ့ရှိသည်။ သူတို့သားအမိသည် အလွန်ဆင်းရဲကြသည်။ ရှိဟာကူ၏



mgyoe.com

mgyoe.com


အမေသည် အိပ်ရာထဲတွင် လဲနေသည်မှာ နှစ်ပေါင်းများစွာ ကြာပြီ ဖြစ်သည်။

သို့သော် သူတို့သည် သဘာဝအတိုင်း လှပနေသော ဤနေရာတွင် နေထိုင်ရသည်ကို ပျော်ရွှင်နေမိကြသည်။

ရိုဟာကူသည် ရိုးသားသူဖြစ်သည်။ အလုပ်ကို ကြိုးစားသူ ဖြစ်သည်။

တစ်နေ့ နံနက်တွင် ရိုဟာကူသည် အရုဏ်မကျင်းမီ အိပ်ရာမှထ နေကျအတိုင်း နိုးလာခဲ့သည်။ ထို့နောက် သူသည် ပင်လယ်သို့ ငါးဖမ်းရန် အိမ်မှ ထွက်လာခဲ့သည်။ ကမ်းခြေသို့ရောက်သော် သူသည် လှေကို ရေထဲသို့ တွန်းချလိုက်သည်။ နေသည် ဖူဂျီတောင်ထိပ်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ နေရောင်ကြောင့် တောင်ဆင်ခြေလျှောပေါ်ရှိ နှင်းဖြူများမှာ ပန်းရောင်သို့ ပြောင်းလဲသွားသည်။ မကြာမီ ကောင်းကင်နှင့် ပင်လယ်ပြင်အပေါ် အလင်းရောင်များ ဖြာကျလာပြီး နေရောင်ကြောင့် ကမ်းခြေသဲဖြူဖြူများပေါ်တွင် ရွှေရောင်များ တောက်လက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

နံနက်ခင်း၏ လေပြည်ထဲတွင် အလင်းရောင်များ ယှက်ဖြာကျဆင်းလျက် ရှိနေသောကြောင့် ပင်လယ်ကမ်းခြေပေါ်ရှိ ကျောက်တုံးဖြူကလေးများ၊ သစ်ပင်များမှသစ်ရွက်များကို ထင်ထင်ရှားရှား မြင်နေရလေသည်။

နံနက်ခင်း၏ သာယာလှပသော အလှကို ရှုစားရင်း ရိုဟာကူသည် လှေကိုလှော်ခတ်ပြီး နှင်းဖြူထဲဖြတ်ကာ ပင်လယ်ပြင်သို့ ထွက်လာခဲ့လေသည်။ နှင်းဖြူများသည် ရေပြင်ပေါ်တွင် အုံ့ဆိုင်းနေဆဲရှိသေးသည်။

ထိုစဉ် သူသည် ရတ်တရက် ကမ်းခြေတစ်နေရာတွင် ပေါက်

mgyoe.com

mgyoe.com


ရောက်နေကြသော ထင်းရှူးပင်များကြားမှ ထူးဆန်းစွာ တောက်ပနေသော အရာဝတ္ထုတစ်ခုကို တွေ့မြင်မိလေသည်။

'ဘာပါလိမ့်၊ ခါတိုင်း မတွေ့ဖူးပါဘူး' ဟု အံ့ဩနေမိသည်။ သူသည် အရောင်တောက်နေသော အရာကို မည်သို့သော အရာဖြစ်သနည်းဟု သိချင်သွားသည်။ ထို့ကြောင့် လှေကိုပြန်လှည့်ကာ ကမ်းခြေသို့ လျင်မြန်စွာ လှော်ခတ်လာခဲ့သည်။ သူသည် ကမ်းခြေပေါ်သို့ ခြေချမိသည်နှင့် အလွန်မွှေးသော ပန်းရနံ့ကိုရပြီး တေးသီချင်းသံများကိုလည်း ကြားရတော့သည်။

ရိုဟာကူက

'ငါ အိပ်မက် မက်နေတာလား၊ ငါနိုးလာရင် ဒီကမ်းခြေပေါ်မှာ အခုတေးဂီတသံတွေကို ဘယ်လိုကြားနိုင်တော့မလဲ၊ ဒီလိုချိုမြတဲ့ ပန်းရနံ့ကိုလည်း ရတော့မှာ မဟုတ်ဘူး၊ ပင်လယ်ကြီးနှင့် ထင်းရှူးပင်တွေက လွဲလို့ ဒီမှာ ဘာမှတွေ့ရမှာ မဟုတ်ဘူး၊ ဒါငါ့ရဲ့ စိတ်ကူးယဉ်မှုသက်သက်သာ ဖြစ်ရမယ်' တစ်ကိုယ်တည်း ပြောဆိုနေမိသည်။ ထို့နောက် ရိုဟာကူသည် ထင်းရှူးကိုင်းပေါ်တွင် တောက်ပနေသော အရာဝတ္ထု ပစ္စည်းတစ်ခုကို တွေ့ရလေသည်။ သူသည် ထင်းရှူးပင်ဆီသို့ တိုးကပ်သွားသည်။ ထိုအခါ တောက်ပနေသော အရာဝတ္ထုမှာ ကီမိုနို အဝတ်အစားတစ်ခု ဖြစ်နေသည်ကိုတွေ့မြင်ရလေသည်။ ကီမိုနိုလေးမှာ ပေါ့ပါးပြီး အသားမှာ သိုးမွေးကဲ့သို့ နူးညံ့ပျော့ပျောင်းလှပေသည်။ အရောင်အသွေးညက်ညော စိုပြည်လှပကာ နေရောင်ထဲတွင် အရောင်များ တောက်ပနေခြင်း ဖြစ်သည်။

ရိုဟာကူသည် ကီမိုနိုအထည်အနီးသို့ တွားသွားကာ ထင်းရှူးပင်ဆီသို့ရောက်သော် ထင်းရှူးကိုင်းပေါ်မှ ကီမိုနိုအထည်ကလေးကို ညင်သာစွာ ဆွဲယူလိုက်လေသည်။

mgyoe.com

mgyoe.com


'ဒီကီမိုနိုလေးကို အိမ်ကို ယူသွားပြီး အမေ့ကို ပြရမယ်၊ အမေသာ ကီမိုနိုလေးကို တွေ့ရင် သိပ်အံ့ဩသွားမှာပဲ၊ ဒီကီမိုနိုဟာ ကမ္ဘာပေါ်မှာ အလှဆုံး ကီမိုနို ဖြစ်ရမယ်' ဟု တွေးမိကာ ဝမ်းသာနေလေသည်။

ထို့နောက် သူသည် ကီမိုနိုအထည်ကလေးကို ပိုက်ကာ အိမ်သို့ အပြေးပြန်လာခဲ့လေသည်။ ထိုအချိန်တွင် ရုတ်တရက် သူ့အား ခေါ်လိုက်သည့် အသံတစ်သံကို ကြားလိုက်မိလေသည်။ နူးညံ့သော အသံ ဖြစ်သည်။

'ကျေးဇူးပြုပြီး ခဏစောင့်ပါ တံငါသည်'

ရိုဟာကူသည် သူ့ကို ခေါ်သံကြောင့် ရပ်လိုက်ကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ သူ့အနောက်ဘက်တွင် မိန်းကလေးတစ်ဦး ရပ်နေသည်ကို တွေ့ရလေသည်။ ရိုဟာကူသည် အံ့ဩတကြီးဖြင့် မိန်းကလေးကို ကြည့်နေမိသည်။ သူ့တစ်သက်တာတွင် ဤမျှ ချောမောလှပသော မိန်းကလေးမျိုးကို တစ်ခါမျှ မမြင်တွေ့ဖူးချေ။

မိန်းကလေးသည် သူထံသို့ လျှောက်လှမ်းလာသည်။ သူမကို ကြည့်ရသည်မှာ သဲပေါ်တွင် ငြိမ့်ငြိမ့်ကလေး စီးမျောနေသည်ဟု ထင်ရသည်။

မိန်းကလေးက သူ့အား–

'ကျွန်မ ကီမိုနိုကို ပြန်ပေးပါလားရှင်၊ ဒါ ကျွန်မရဲ့ ဟာဂိုရိုမို အရောင် တောက်လက်တဲ့ ကီမိုနို ဖြစ်ပါတယ်။ ဒီအထည်သာ မရှိရင် ကျွန်မ ကောင်းကင်ဘုံကို ပျံသန်းရောက်ရှိတော့မှာ မဟုတ်တော့ဘူး၊ ကျေးဇူးပြုပြီး ကျွန်မကို ကီမိုနိုအထည်လေး ပြန်ပေးပါ၊ ကျွန်မ ကောင်းကင်ဘုံကို ပြန်မှ ဖြစ်ပါ့မယ်' ဟု ငိုယိုကာ ပြောဆိုလေသည်။

မိန်းကလေး၏ စကားကို ကြားသော် ရိုဟာကူသည် မိန်းကလေး

mgyoe.com

mgyoe.com


ကို သနားသွားသည်။ သို့သော် ရှိဟာကူသည် အလွန်လှပသော ကီမိုနို အထည်ကိုမူ ပြန်မပေးလိုချေ။

ထို့ကြောင့် ရှိဟာကူက ကောင်းကင်ဘုံမှ မိန်းကလေးအား

'ကျွန်ုပ်ကို ကီမိုနိုအတွက် တစ်ခုခု အစားပြန်ပေးမယ်ဆိုရင် ကျွန်ုပ် သင့် ဟာဂိုရိုမိုအထည်ကို ပြန်ပေးပါ့မယ်' ဟု ပြောဆိုလေသည်။

သို့သော် မိန်းကလေးသည် ရှိဟာကူ၏ စကားကို ကြားသော အခါ အလွန်စိတ်မကောင်း ဖြစ်သွားလေသည်။ 'ကျွန်မမှာ ရှင့်ကို ပြန် ပေးဖို့ ဘာမှမရှိပါဘူး' ဟု ပြောဆိုလေသည်။

သို့သော် မိန်းကလေးသည် အကြံတစ်ခု ရရှိသွားဟန် တူ၏။ သူသည် ခေါင်းကိုမော့ကာ ပြုံးလိုက်ပြီး

'အို တင်ပါသည်၊ ရှင် ကျွန်မကို ကျွန်မရဲ့ ဟာဂိုရိုမိုပြန်ပေးမယ် ဆိုရင် ရှင်တို့ ကမ္ဘာမြေက လူတွေ တစ်ခါမှ မကြားဖူးတဲ့၊ မမြင်ဖူးတဲ့ ကောင်းကင်ဘုံအကနှင့် ရှင့်ကို ကပြပါ့မယ်၊ အဲ့ဒီအကဟာ ရှင့်ကို ငြိမ်း ချမ်းမှုနှင့် ပျော်ရွှင်မှုတွေ ပေးပါလိမ့်မယ်' ဟု ပြောဆိုလေသည်။

ရှိဟာကူသည် မိန်းကလေးက သူ့အား တစ်ပတ်ရိုက်သွားမည်ကို စိုးရိမ်နေလေသည်။ ထို့ကြောင့် ရှိဟာကူက မိန်းကလေးအား

'ကျွန်ုပ် သင့်ကို ဟာဂိုရိုမို ပြန်ပေးလိုက်ရင် သင်ဟာဂိုရိုမို ရရ ချင်း ပျံပြေးရင် ဘယ့်နှယ့်လုပ်မလဲ၊ ဒါဆို ကျွန်ုပ် ကောင်းကင်ဘုံအက ကို မြင်တွေ့ရမှာ မဟုတ်တော့ဘူး' ဟု ဆိုလေသည်။

ထိုအခါ မိန်းကလေးက–

ဒါမျိုး ကျွန်မ မလုပ်ပါဘူးလို့ ရှင့်ကို ကတိပေးပါတယ်၊ ကောင်း ကင်ဘုံက ဘုံသားတွေဟာ ဘယ်သူမှ လိမ်မပြောကြပါဘူး၊ ကျွန်မ တို့ဟာ အမှန်ကိုပဲ ပြောကြပါတယ်' ဟုပြန်ပြောသည်။

ကောင်းကင်ဘုံမှ မိန်းကလေး စကားကြောင့် ရှိဟာကူသည်

mgyoe.com

mgyoe.com


အတော်လေး ရှက်သွားလေသည်။ သူသည် နောက်ထပ် ဘာတစ်ခွန်းမျှ မပြောကြားတော့ဘဲ ကီမိုနိုကို မိန်းကလေးအား ပေးအပ်လိုက်လေသည်။

မိန်းကလေးလည်း သူ့ကတိအတိုင်း ကောင်းကင်ဘုံအကကို စတင် ကလေတော့သည်။ ရိုဟာကူသည် သူကမ်းခြေသို့ စတင် တက်လာစဉ်က ကြားရသော သာယာလှသည့် တေးဂီတသံကို ပြန်လည်ကြားရလေသည်။ တောက်ပသော အလင်းရောင် တစ်ခုသည် ကနေသော မိန်းကလေးပတ်လည်တွင် ထွန်းလင်းပေးလျက် ရှိသည်။ ရိုဟာကူသည် သူနေ့စဉ် ငါးဖမ်းနေကျ ကမ်းခြေကလေးသည် အမှန်တကယ်မှ ဟုတ်ပါလေစဟု ထင်မှတ်မှားနေမိသည်။ အရာရာသည် ထူးဆန်း အံ့ဩစရာ ကောင်းနေသည်။ ရိုဟာကူသည် အလွန် ကျေနပ်ပီတိ ဖြစ်နေမိသည်။

နောက်ဆုံး မိန်းကလေးသည် ကနေလျက်နှင့်ပင် လေထဲသို့ တဖြည်းဖြည်း ပျံတက်သွားလေသည်။

ထို့နောက် မိန်းကလေးက ရိုဟာကူအား

'ရိုဟာကူ၊ ဘုရားသခင်က သင့်ကို ကောင်းချီးပေးပါစေ၊ သင့်ရဲ့ အိမ်မှာ ထာဝရ ငြိမ်းချမ်း သာယာပျော်ရွှင်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်' ဟူ၍ နှုတ်ဆက်လိုက်လေသည်။

မိန်းကလေးသည် ကောင်းကင်သို့ ပျံတက်သွားရင်း ရိုဟာကူကို ပြုံးကြည့်နေသည်။ ရိုဟာကူကလည်း မိန်းကလေးကို မျက်စိတဆုံး ကြည့်နေမိသည်။ နောက်ဆုံးမိန်းကလေးလည်း ရိုဟာကူ မျက်စိအောက်မှ ပျောက်သွားလေသည်။

ထို့နောက် ရိုဟာကူသည် အိပ်မက်မှ လန့်နိုးသူကဲ့သို့ သူနကိုအခြေအနေသို့ ပြန်လည် ရောက်ရှိလာသည်ဟု ခံစားမိသည်။ သူသည်

mgyoe.com

mgyoe.com


ကမ်းခြေပေါ်တွင် ရပ်လျက် ရှိနေသည်ကို သတိရသွားသည်။ နေမင်းကြီးသည် ပင်လယ်ထဲသို့ နစ်မြုပ်စပြုနေပြီး ညနေချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။ မိန်းကလေး ကနေသည်ကို ကြည့်နေသည်မှာ တစ်နေ့ကုန်အထိ ကြာခဲ့သည် ဆိုသည်ကို နားလည်သွားသည်။

ရိုဟာကူသည် အိမ်သို့ အလျင်အမြန် ပြေးသွားသည်။ ညနေခင်းလေပြည်လေညင်းသည် အေးမြလှသည်။ သူသည် တစ်နေ့တာ အချိန်ကို ဖြုန်းပစ်မိသည့် အတွက်အပြစ်ရှိသူကဲ့သို့ ခံစားနေမိသည်။ တစ်နေ့လုံး ငါးမဖမ်းရသေးချေ။ သို့သော် သူ့မိခင်အား သူ့ကြုံတွေ့ခဲ့ရသည့် အံ့ဩစရာ ကောင်းလှသော အဖြစ်အပျက် တစ်ခုကိုမူ ပြောပြနိုင်မည်ဖြစ်၍ ဖြေသာသေးသည်ဟု အောက်မေ့နေမိသည်။

ရိုဟာကူသည် ထင်းရှူးပင်များ ကြားမှ သူ့အိမ်ကလေးကို လှမ်းမြင်လိုက်ရာ များစွာ အံ့ဩသွားလေသည်။ သူ့မိခင် အိမ်ပြင်ဘက်တွင် ရပ်ကာ သူ့ကိုစောင့်ကြိုလျက် ရှိနေသည်။ မိခင်အိုကြီးမှာ နာမကျန်းဖြစ်၍ အိပ်ရာထဲတွင် လဲနေသည်မှာ ကြာပြီဖြစ်သည်။ ယခု သူ့မိခင်ကြီးကို ကျန်းကျန်းမာမာဖြင့် တွေ့ရ၍ သူ့မျက်စိကိုပင် သူ မယုံတော့နိုင်အောင်ဖြစ်မိသည်။ မိခင်ကြီးသည် ရိုဟာကူကိုမြင်သော် ဝမ်းပန်းတသာဖြင့် လျှောက်လှမ်းလာကာ ကြိုဆိုသည်။ မိခင်ကြီး၏ မျက်နှာမှာ ပီတိဖုံးလျက်ရှိသည်။

သူတို့ သားအမိသည် အတူတကွ ထိုင်ကာ စကားများ ပြောကြသည်။ ရိုဟာကူက သူ့မိခင်အား သူတွေ့ခဲ့ရသော ကောင်းကင်ဘုံမှ ချောမောလှပသည့် မိန်းကလေးနှင့် အရောင်တောက်ပသည့် ကီမိုနို အထည်ကလေးအကြောင်းကို ပြောပြသည်။ ထိုမိန်းကလေးသည် သူ့ကတိစကားကို တည်သည့် မိန်းကလေး ဖြစ်သည်။ ယခု သူ့ကတိစကားအတိုင်း ရိုဟာကူ၏ မိခင်ကြီးသည် အိပ်ရာမှ ထနိုင်ကာ လူ

mgyoe.com

mgyoe.com


ကောင်းပကတိအတိုင်း ကျန်းမာနေပြီမဟုတ်ပါလော။ ထို့ကြောင့် သူတို့သားအမိသည် ကောင်းကင်ဘုံမှ မိန်းကလေးအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေကြလေသည်။

နောက်ပိုင်းတွင် ရှိဟာကူနှင့် သူ့မိခင်ကြီးတို့သည် ထင်းရှူးပင်ကြားရှိ အိမ်ကလေးတွင် ပျော်ရွှင်ချမ်းမြေ့စွာ အသက်ထက်ဆုံး နေထိုင်သွားကြလေသည်။ အကယ်၍ သင်သည် ဂျပန်ပြည်ရှိ 'မီဟိုနို မတ်စုဘာရာ' ကမ်းခြေကလေးသို့ ရောက်ခဲ့လျှင် အရောင်တောက်လက်နေသော ကောင်းကင်ဘုံမှ မိန်းကလေး၏ ကီမိုနိုအထည်ကလေးကို ချိတ်ထားသည့် ထင်ရှူးပင်ကလေးကို တွေ့အောင်ရှာပါ။ ထိုကီမိုနို အထည်ကလေးကိုတွေ့လျှင် သင်သည် အလွန်ကံကောင်းသောသူ ဖြစ်ပါလိမ့်မည်။ ။

[Takashi Shimaoka ၏ Princess Moonlight and Other Stories, Folk Tales From Japan စာအုပ်မှ The Shining Kimino]

mgyoe.com

mgyoe.com



# ပင်လယ်ရေအောက်မှ တံငါသည်

တစ်ခါက ဂျပန်နိုင်ငံရှိ ရွာကလေးတစ်ရွာမှာ 'တာရို အူရာရှိမာ' အမည်ရှိ စိတ်ကောင်းရှိတဲ့ လူငယ်ကလေး တစ်ယောက်ရှိသတဲ့ကွယ်။ သူဟာ တံငါသည်တစ်ဦး ဖြစ်တယ်။ ပင်လယ်အနီး ကျေးရွာကလေး တစ်ရွာမှာ နေထိုင်တယ်။ သူဟာ နေ့တိုင်း လှေနှင့်ငါးဖမ်းထွက်ပြီး ဖမ်းလို့ရတဲ့ ငါးတွေကို ရောင်းချကာ အသက်မွေးဝမ်းကျောင်းပြုသတဲ့။

တစ်နေ့မှာ သူဟာ ခါတိုင်းလို ငါးဖမ်းဖို့လှေကလေးနှင့် ပင်လယ်ပြင်ကို ထွက်ခဲ့တာပေါ့။ သူဟာတစ်နေ့လုံး ငါးဖမ်းတာတောင် တစ်ကောင်တလေမှ မရဘူးဖြစ်နေတယ်။ ဒါကြောင့် သူဟာ ညနေ နေညိုချိန် ရောက်လာလို့ ပိုက်ပြန်သိမ်းပြီး အိမ်ကို စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့တာပေါ့။ အိမ်ရောက်ခါနီးမှာ ကလေးတွေရဲ့ ဆူညံဆူညံသံကြားလို့ ကြည့်လိုက်တဲ့အခါ ကလေးတွေရဲ့ အလယ်မှာ လိပ်ကလေး တစ်ကောင်ကို တွေ့ရတော့တာပဲ။ ကလေးတွေဟာ လိပ်ခွံပေါ်တက်ပြီး ခုန်နေကြတယ်။ တချို့က လိပ်အမြီးကို ဆွဲပြီး လွှဲနေကြတယ်။ သူတို့ကတော့ သိပ်ပျော်နေကြတာပေါ့။ လိပ်ကလေးခမျာတော့ ဘယ်လိုခံစားရ

mgyoe.com

mgyoe.com


မယ်ဆိုတာ စဉ်းစားသာ ကြည့်ပေါ့။

တာရိုဟာ လိပ်ကလေးကို ကလေးတွေ ဆော့ကစား ညှဉ်းဆဲနေတာ မြင်တော့ လိပ်ကလေးကို သိပ်သနားသွားတယ်။ ဒါကြောင့် တာရိုဟာ ကလေးတွေဆီ သွားရောက်ပြီး လိပ်ကလေးကို လွှတ်လိုက်ဖို့ ပြောဆိုတယ်။

ကလေးတွေလည်း တာရိုစကားကို နားထောင်ပြီး လိပ်ကလေးကို တာရိုလက်ထဲထည့်ပေးလိုက်ကြတယ်။ အဲဒီနောက် ကလေးတွေဟာ ကမ်းစပ်ကို ပြေးဆင်းသွားကြတယ်။

တံငါသည် တာရိုလည်း လိပ်ကလေးကို တယုတယနှင့် ပွတ်သပ် ကြည့်မိလိုက်တယ်။ လိပ်ကလေးဟာ တခြားမြင်နေကျ လိပ်တွေနှင့်မတူဘဲ တစ်မူထူးခြားနေတာ တွေ့ရလို့ တာရိုလည်း တော်တော် အံ့သြသွားတယ်။ သူ့ကျောပေါ်က လိပ်ခွံဟာ အရောင်တွေနှင့် တောက်လက်နေတယ်။

အဲဒီနောက် တာရိုဟာ လိပ်ကလေးကို ကမ်းစပ်ကို ခေါ်သွားပြီး ရေစပ်မှာ ချပေးလိုက်တယ်။ လိပ်ကလေးလည်း ဘေးအန္တရာယ်မှ လွတ်မြောက်သွားပြီ ဖြစ်တဲ့အတွက် ရေထဲသို့ လျင်မြန်စွာ ကူးခတ်သွားလေတော့တယ်။ တာရိုဟာ လိပ်ကလေးကူးခတ် သွားတာကို စောင့်



mgyoe.com

mgyoe.com


ကြည့်နေပြီး လိပ်ကလေး ရေထဲသို့ ငုပ်သွားမှ ပြန်လာခဲ့တယ်။

ဒါပေမယ့် သူ ပြန်ခါနီးမှာ လိပ်ကလေးဟာ ရေထဲမှ တစ်ခါပေါ်လာပြီး သူ့ခေါင်းလေးကို ညိတ်ချည် ညိတ်ချည် လုပ်ကာ တာရိုကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားနေတယ်။

နောက်တစ်နေ့မှာ တာရိုဟာ ငါးဖမ်းထွက်နေကျအတိုင်း ငါးဖမ်းဖို့ ပင်လယ်ဆီသို့ ထွက်လာခဲ့တယ်။

'ဒီနေ့ဟာ ငါ့အတွက် ကံကောင်းတဲ့နေ့လို့ ထင်တယ်' လို့ တွေးမိကာ တာရိုဟာ ပိုက်ကို ရေထဲသို့ ပစ်ချလိုက်တယ်။

အဲဒီအချိန်မှာ အလွန်ကြီးမားတဲ့ လိပ်ကြီးတစ်ကောင်ဟာ သူ့ရဲ့လှေနံဘေးက ပေါ်လာပြီး သူ့ကို ဦးညွှတ် အလေးပြုနေတယ်။ တာရိုလည်း အလွန်ကြီးမားတဲ့ လိပ်ကြီးကို မြင်တော့ အလွန်အံ့သြသွားတယ်။ အဲဒီနောက် လိပ်ကြီးက တံငါသည် တာရိုကို –

'မိတ်ဆွေ၊ ဟိုနေ့က မိတ်ဆွေဟာ လိပ်သေးကလေးတစ်ကောင်ကို ကလေးတွေလက်က ကယ်ဆယ်ခဲ့တယ် မဟုတ်လား၊ အဲဒီအတွက် ကျွန်ုပ် မိတ်ဆွေကို ကျေးဇူးတင်ကြောင်းပြောဖို့ ရောက်ရှိလာခြင်းဖြစ်ပါတယ်၊ ကျွန်ုပ်တို့ရဲ့ အရှင်၊ ပင်လယ်ရေအောက်ဘုရင်ကြီးက အဆွေ့ကို သူ့ရဲ့ နဂါး နန်းတော်ကြီးဆီ ခေါ်လာခဲ့ဖို့ စေလွှတ်လိုက်တဲ့အတွက် အခုလို ကျွန်ုပ်ရောက်ရှိလာခြင်း ဖြစ်ပါတယ်၊ ဘုရင်ကြီးက အဆွေ့ကို သိပ်ကျေးဇူးတင်ကြောင်း ပြောချင်လို့တဲ့၊ ကျွန်ုပ်တို့ရဲ့ ဖိတ်ကြားချက်ကို ကရုဏာထား လက်ခံမယ်ဆိုရင် ကျွန်ုပ်ကျောပေါ်တက်လိုက်ခဲ့ပါ' လို့ တောင်းပန် ပြောဆိုလေတယ်။

တာရိုလည်း ဘာမှ ပြန်မပြောတတ်အောင်ဖြစ်သွားပြီး သိပ်အံ့သြလို့ နေတော့တယ်။ ဒါနှင့် သူဟာ လှေပေါ်ကနေပြီး လိပ်ကျောပေါ်တက်လိုက်တယ်။ လိပ်ကြီးလည်း ဖြည်းဖြည်းချင်း ကူးခတ်သွားပြီး

mgyoe.com

mgyoe.com


ပင်လယ်ရေအောက်သို့ ငုပ်ဆင်း ကူးခတ်သွားတယ်။ ရေအောက်မှာ ငါးသတ္တဝါတွေ အမျိုးမျိုး အစားစား များပြားစွာ တွေ့ရပြီး သူတို့ရဲ့ အရောင်ဟာလည်း အရောင်အသွေးစုံလင်လှတာကို တွေ့ရတယ်။ ထူးဆန်း လှပတဲ့ ကျောက်ခက်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော်ပင်တွေဟာ ရေထဲမှာ ယိမ်းနွဲ့ လှုပ်ရှားလို့ နေတယ်။ တာရိုနှင့် လိပ်ကြီးဟာ ပင်လယ်ရေအောက်မှာ ရှိတဲ့ တောင်တန်းတွေ၊ ချိုင့်ဝှမ်းတွေ၊ လွင်ပြင်တွေကို ဖြတ်သန်းလာပြီးတဲ့နောက် လင်းလက် တောက်ပနေတဲ့ မြို့ရိုးကြီးနှင့် အလွန် လှပတဲ့ နန်းတော်ကြီးကို တွေ့လိုက်ရတော့တာပဲ။ အဲဒီ နန်းတော်ကြီးဟာ ပင်လယ်ရေအောက် ဘုရင်ကြီးရဲ့ နဂါးနန်းတော်ကြီး ပေါ့ကွယ်။ နန်းတော်ကြီးရဲ့ တံတိုင်းတွေကို သန္တာကျောက်တွေနှင့် စီခြယ် မွမ်းမံထားပြီး နန်းတော်အမိုးကိုတော့ အလွန်လှပတဲ့ ပင်လယ်ခရုခွံတွေနှင့် မိုးထားတယ်။ ဒါကြောင့် နန်းတော်ကြီးဟာ ရေထဲမှာ



mgyoe.com

mgyoe.com


လင်းလက်တောက်ပနေတာပေါ့ကွယ်။

တာရို အူရာရှီမာဟာ နန်းတော်ကြီးကို ကြည့်ပြီး ရင်သပ်ရှုမော အံ့သြလို့ မကုန်နိုင်အောင် ငေးမောနေမိတယ်။ တံငါသည် အူရာရှီမာ ဟာ ဒီလို လှပတဲ့ မြင်ကွင်းကို တစ်ခါမှ မမြင်ဖူးဘူးတဲ့။ နန်းတော် အမှုတော်ထမ်းတွေဟာ နန်းတော်တံခါးဝမှာစောင့်ကြိုနေကြတယ်။ အမှုထမ်းတွေဟာ တာရိုကို နန်းတော်ကြီးထဲကိုခေါ်ဆောင်သွားတယ်။ တာရိုဟာ နန်းဆောင်တွေကို တစ်ခန်းပြီး တစ်ခန်း ကျော်ဖြတ်လာခဲ့ တယ်။ နန်းဆောင်အခန်းတွေဟာ အလွန်လှကြတယ်။ နောက်ဆုံး တာရိုဟာ ညီလာခံ ခန်းမဆောင်ထဲကို ရောက်ရှိလာတယ်။ ခန်းမ ဆောင်ကြီးရဲ့ထိပ် ပလ္လင်ကြီးပေါ်မှာတော့ ဘုရင်ကြီးတစ်ပါး စံမြန်းနေ တာကို တွေ့ရတယ်။ အဲဒီ ဘုရင်ကြီးဟာ ပင်လယ်ရေအောက်ဘုရင် ကြီးပေါ့။

တာရိုဟာ ဘုရင်ကြီး ရှေ့မှောက် ရောက်တဲ့အခါဒူးထောက်ပြီး ဦးညွှတ် အလေးပြုလိုက်တယ်။

ပင်လယ်ရေအောက် ဘုရင်ကြီးက တာရိုကို ကြင်နာတဲ့ စကား နှင့် 'အသင် ငါ ကိုယ်တော်မြတ်ကို ဦးညွှတ် အလေးပြုဖို့ မလိုပါဘူး၊ အသင်ဟာ ငါကိုယ်တော်မြတ်ရဲ့ သမီးတော်ကို ကယ်တင်ခဲ့တဲ့ အတွက် ကျေးဇူးဆပ်ဖို့ အသင့်ကို ဒီကိုအရောက် ခေါ်ခိုင်းခြင်းဖြစ်ပါတယ်' လို့



mgyoe.com

mgyoe.com


မိန့်ကြားတယ်။

အဲဒီအချိန်မှာ မိန်းကလေးငယ်တစ်ဦးဟာ တာရိုရှေ့ ရောက်ရှိလာပြီး တာရိုကို ဦးညွှတ်အလေးပြုတယ်။ အဲဒီမိန်းကလေးဟာ တာရိုကို

'အရှင်ဟာ ကုန်းပေါ်မှာတုန်းက ကလေးတွေလက်ထဲက ကယ်ဆယ်ခဲ့တဲ့ လိပ်ကလေးဟာ တခြားသူမဟုတ်ပါဘူး၊ ကျွန်မပါပဲ' ဆိုပြီး ချိုသာတဲ့ အသံနှင့် ပြောဆိုတယ်။ မိန်းကလေးရဲ့ အသံလေးဟာ အဝေးကပြိုင်တူ တီးခတ်လိုက်တဲ့ ခေါင်းလောင်းသံလေးတွေလိုပဲ သာယာ ချိုအေးလှတယ်။

မိန်းကလေးဟာ သိပ်ချော သိပ်လှတဲ့ အတွက် တာရိုဟာ ပါးစပ်အဟောင်းသားဖြစ်ပြီး ဘာတစ်ခွန်းမှ ပြန်မပြောမိအောင် မှင်တက်မိလို့နေတယ်။

ဘုရင့်သမီးတော် မင်းသမီးကလေးရဲ့ သွားလာလှုပ်ရှားမှုဟာ ရေထဲမှာ ပင်လယ်ရေမှော်ပင်တွေ ယိမ်းနွဲ့လှုပ်ရှားနေသလို ညင်သာယဉ်ကျေးမှု ရှိတာကို တွေ့ရတယ်။ သူမရဲ့ အပြုံးချိုချိုဟာလည်း ဆိတ်ငြိမ်တဲ့ အချိန်မှာ ပင်လယ်ရေလှိုင်းရိုက်သံလေးလို နူးညံ့အေးချမ်းမှုရှိလှပါတယ်။

တာရိုဟာ အိပ်မက်မက်နေတာလားလို့ ထင်မှတ်မှားကာ ဝေခွဲမရ ဖြစ်နေတယ်။

မင်းသမီးကလေးက တာရိုကို ...

'ကျွန်မဟာ ဖခမည်းတော်ရဲ့ နဂါးနန်းတော်ကြီးဆီက တစ်ခါမှ မထွက်သွားခဲ့ဖူးပါဘူး၊ နန်းတော်ကြီးထဲမှာပဲ ပျော်ပျော်ပါးပါး နေထိုင်ခဲ့ပါတယ်။ တစ်နေ့မှာတော့ ကျွန်မဟာ ရှင်တို့ ကုန်းပေါ်မှာ နေထိုင်တဲ့ လူတွေကို တွေ့မြင်ချင် စိတ်တွေ ဖြစ်ပေါ်လာတယ်။ အဲ့ဒါနှင့် ကျွန်မဟာ လိပ်ကလေးဘဝကို ကူးပြောင်းလိုက်ပြီး ရှင်တို့ရွာရဲ့ ကမ်းခြေဆီရောက်

mgyoe.com

mgyoe.com


အောင် ကူးခတ် တက်လာခဲ့ပါတယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ ကျွန်မ ကမ်းစပ်ပေါ်ရောက်ရောက်ချင်းပဲ ကလေးတစ်အုပ်က ကျွန်မကို တွေ့သွားတော့တာပါပဲ။ ရှင်သာ ကျွန်မကို မကယ်တင်ဘူးဆိုရင် ကျွန်မဘဝဟာ မတွေးဝံ့စရာပါပဲ၊ ဝမ်းနည်းကြေကွဲမှုနှင့် အဆုံးသတ်ရမှာပါပဲ' လို့ ပြောဆိုလေတယ်။

တာရိုလည်း မင်းသမီးကလေး ပြောကြားတဲ့စကားကို စိတ်ဝင်တစားနှင့် နားထောင်နေတယ်။ မင်းသမီးလေးလည်း 'ဩော် စကားကောင်းနေလိုက်တာ ရှင့်ကို ကျွေးမွေးဖို့ မေ့နေတယ်၊ ရှင်ဟာ ခရီးဝေးလာရသူမို့ ဆာနေမှာပဲ' လို့ ဆိုကာ အနောက်ဘက်သို့ လက်ကိုဝှေ့ရမ်းပြလိုက်တယ် ဆိုရင်ပဲ အကောင်းဆုံး စားသောက်ဖွယ်ရာတွေနှင့် ခင်းကျင်းထားတဲ့ စားပွဲရှည်ကြီးဟာ ချက်ချင်းပဲ တာရိုရှေ့ ရောက်ရှိလာတော့တယ်။

တာရိုလည်း ဆာဆာနှင့် စားပွဲပေါ်က စားသောက်ဖွယ်ရာတွေကို သုံးဆောင်လိုက်တယ်။ အစားအစာတွေဟာ ဘယ်လောက် ကောင်းသလဲဆိုရင် တာရို တစ်သက်တာမှာ ဒီလို ဆွေမျိုးမေ့အောင်ကောင်းတဲ့ အစားအစာမျိုးကို တစ်ခါမှ မစားခဲ့ရဖူးဘူး။ သိပ်ကောင်းတယ်ဆိုပဲ။ ငါးဟင်းလျာတွေကလည်း အမည်စုံပြီး အရသာ ထူးကဲလှတယ်။ အချိုပွဲအတွက် ကိတ်မုန့်တွေဟာလည်း အစုံပဲ။ ကိတ်မုန့်တွေဟာ နှင်းခဲတွေလို ပေါ့ပါးနူးညံ့ပြီး အရသာသိပ်ရှိတယ်။ စားသောက်ဖွယ်ရာတွေကို ထည့်ထားတဲ့ ပန်းကန်၊ ပန်းကန်လုံးတွေဟာ ဆိုရင်လည်း ရိုးရိုးပစ္စည်းတွေ မဟုတ်ကြပါဘူး။ ရွှေပန်းကန်ပြား၊ ရွှေပန်းကန်လုံး၊ ငွေပန်းကန်ပြား၊ ငွေပန်းကန်လုံးတွေ ဖြစ်ကြတယ်။ တာရိုဟာ စားသောက်ဖွယ်ရာတွေ စားသောက်နေတုန်းမှာပဲ မင်းသမီးကလေးဟာ သူ့လက်ကို ဝှေ့ရမ်းပြလိုက်တယ်ဆိုရင်ပဲ ချက်ချင်းဆိုသလို သာယာ

mgyoe.com

mgyoe.com


ညင်းပျောင်းတဲ့ တေးဂီတသံတွေ ပေါ်ထွက်လာတယ်။ ဂီတသံတွေဟာ ခန်းမကြီးတစ်ခုလုံးကို ဖုံးလွှမ်းသွားတော့တယ်။

အဲဒီလို တာရိုကို ညှိခံပြီးတဲ့ အခါမှာ မင်းသမီးကလေးဟာ တာရိုရဲ့ လက်ကိုဆွဲပြီး ခေါ်ဆောင်သွားလေတော့တယ်။ သူတို့ နှစ်ဦးဟာ နန်းတော်ကြီးထဲက အခန်းခန်း အဆောင်ဆောင်ကို ဖြတ်သန်းလာခဲ့ကြတယ်။

မကြာခင်မှာပဲ သူတို့ဟာ ပြတင်းပေါက်ကြီးရှိတဲ့ အခန်းကို ရောက်ရှိလာကြတယ်။ ပြတင်းပေါက်ကနေပြီး အပြင်ဘက်ကို လှမ်းမြင်နေရတယ်။ ကြီးမားကျယ်ပြန့်တဲ့ လယ်ကွင်းပြင်ကြီးဟာ တမျှော်တခေါ်ပဲ။



mgyoe.com

mgyoe.com


ရာသီက နွေဦးရာသီမို့ လယ်သမားတွေ အလုပ်များတဲ့ အချိန်ပဲ။ လယ်သမားတွေကို ပျိုးပင်တွေ စိုက်ပျိုးနေကြတာတွေ့ရတယ်။ ထူးဆန်းတာက ပျိုးပင်တွေကို သူကြည့်နေစဉ်မှာပဲ ပျိုးပင်တွေက ချက်ချင်းကြီးထွားလာနေတာကို တွေ့ရတယ်။ ဒါ့ပြင် အဲဒီတောရပ် ဒေသလေးဟာ တစ်ခဏချင်းပဲ နွေဦးရဲ့ အစိမ်းနုရောင်ပတ်ဝန်းကျင် အနေအထားက နွေရာသီရဲ့ အစိမ်းရင့်ရောင် ပတ်ဝန်းကျင် အနေအထားသို့ ပြောင်းလဲသွားတာကို ထူးဆန်းစွာ တွေ့ရတယ်။ အဲဒီလို တာရိဟာ အံ့ဩလို့ မဆုံးခင်မှာပဲ သိပ်ထူးဆန်းတဲ့ ပြောင်းလဲမှုကို ထပ်တွေ့ရတော့တယ်။ အဲဒါက ဘာလဲဆိုရင် စပါးတွေဟာ အသီးအနှံတွေနှင့် မှည့်ဝင်းပြီး ကိုင်းညွတ်နေတာကို တွေ့ရခြင်းပဲ။ တာရိဟာ အဖြစ်အပျက်တွေကို မယုံကြည်နိုင်အောင် အံ့ဩနေတုန်းမှာပဲ နွေရာသီရဲ့မြင်ကွင်းဟာ ပြောင်းသွားပြီး ဆောင်းရာသီရဲ့ အသွင်အပြင်တွေ ရောက်ရှိလို့ လာတော့တယ်။ နှင်းတွေကျလာတဲ့အတွက် လယ်သမားတွေဟာ သီးနှံတွေကို ခပ်မြန်မြန်ရိတ်သိမ်းနေကြတာကို တွေ့ရတယ်။ တစ်စက္ကန့်လောက် အတွင်းမှာပဲ သူ့မျက်စိရှေ့မှာပင် တစ်နှစ်လုံးရဲ့ ရာသီဥတုတွေဟာ ဆက်တိုက်ဖြစ်ပေါ်နေတာကို အံ့ဩဖွယ် တွေ့မြင်လိုက်ရတယ်။


အဲဒီလိုနှင့် တာရိဟာ ပင်လယ်ရေအောက်မှာရှိတဲ့ နဂါးဘုရင် နန်းတော်ကြီးထဲမှာ နှစ်ကာလ ကြာရှည်စွာ နေထိုင်ခဲ့တယ်။

နဂါးဘုရင်ကြီးရဲ့သမီးတော် မင်းသမီးချောလေးဟာလည်း တာရိရဲ့ချစ်ဇနီးမယား ဖြစ်လို့လာတော့တယ်။ သူတို့ရဲ့ အစေအပါး အမှုတော်ထမ်းတွေဟာ သူတို့ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးကြတယ်။ တာရိဟာ သူအိပ်မက် မက်နေသလား၊ တကယ်လားဆိုတာ ဝေခွဲမရဖြစ်နေတယ်။

ဒါပေမယ့် တစ်နေ့မှာတော့ တာရိဟာ သူ့တံငါလှေကလေးကို

mgyoe.com

mgyoe.com

ကောက်ကာငင်ကာ သတိရသွားတယ်။ သူဟာ တံငါလှေကလေးနှင့် ပင်လယ်ထွက် ပိုက်ချ ငါးဖမ်းရတဲ့ ပျော်ရွှင်မှုကလေးကိုလည်း ပြန်လည် သတိရသွားတယ်။ အဲဒီတုန်းက သူ့ပိုက်ထဲမှာ ငါးတွေ ဝင်တိုးနေတာကို တွေ့ရလို့ သူပျော်နေတဲ့ အချိန်ကာလတွေပေါ့။

အဲဒီနောက် တာရိုဟာ တစ်ဆက်တည်း ရွာကလေးမှာရှိတဲ့ သူ့အမေနှင့် သူ့သူငယ်ချင်းမိတ်ဆွေတွေကို သတိရသွားပြန်တယ်။ သူတို့ကိုဘယ်လိုတွေ့ရပါ့။ နဂါးနန်းတော်ထဲမှာရောက် ရှိနေတဲ့ သူ့ဘဝအကြောင်းကို သူ့အမေ သူ့သူငယ်ချင်းမိတ်ဆွေနှင့် ရွာဂေ့ာလူတွေကို ဘယ်လိုပြန်ပြောရပါ့လို့ တွေးမိသွားတယ်။ သူ့ဘဝအကြောင်းကို သူ သိပ်ပြောချင်နေတာပေါ့။

ဒါကြောင့် နောက်ဆုံးမှာ တာရိုဟာ မင်းသမီးလေးကို သူ သူ့ရွာကို တစ်ခေါက်လောက် ပြန်ချင်တဲ့အကြောင်းဖွင့်ပြောလေတယ်။

mgyoe.com

mgyoe.com


တာရိုရဲ့စကားကို ကြားတဲ့အခါ သူ့ဇနီး မင်းသမီးလေးဟာ အတော်ကလေး စိတ်မကောင်း ဖြစ်သွားတယ်။ သူ့ခင်ပွန်း ရွာကို ပြန်ပါရစေလို့ အထပ်ထပ် အခါခါ ပြောနေတာကြောင့် နောက်ဆုံးမှာ မင်းသမီးကလေးဟာ စိတ်မကောင်းစွာနှင့် သူ့ခင်ပွန်းရဲ့ဆန္ဒကို လိုက်လျောလိုက်တာပေါ့ကွယ်။

ဒါပေမဲ့ တာရို မသွားခင်မှာ မင်းသမီးကလေးဟာ သူ့ခင်ပွန်းကို 'မောင်တော်၊ သွားရင် ဒါလေးတော့ ယူသွားပါ' လို့ ဆိုပြီး ယွန်းသေတ္တာနီကလေးတစ်လုံးကို တာရိုလက်ထဲ ထည့်ပေးလိုက်တယ်။

'မောင်တော်၊ ဒီယွန်းသေတ္တာကလေးကို သေသေချာချာ သိမ်းဆည်းထားပါ၊ ဒါဆိုရင် မောင်တော်ဟာ နှမတော်ဆီကို ပြန်လာလို့ရပါတယ်၊ ဒါပေမယ့် ဒီသေတ္တာလေးကို ဖွင့်မကြည့်ဖို့တော့ ကတိပေးရပါ့မယ်' လို့လည်းမှာကြား ပြောဆိုလေတယ်။

တာရိုလည်း မင်းသမီးလေးကို ရင်ခွင်ထဲ ဆွဲယူကာ သေတ္တာကလေးကို လုံးဝမဖွင့်ပါ ဆိုတာရယ်၊ သူမကြာခင် ဒီကို ပြန်လာခဲ့မယ် ဆိုတာရယ်ကို ကတိပေးတယ်။

အဲဒီနောက် တာရိုဟာ ပင်လယ်ဘုရင်ကြီးရဲ့ကောင်းချီး မင်္ဂလာစကားတွေကို ကြားနာပြီးနောက် နဂါးနန်းတော်ထဲက ထွက်လာခဲ့တယ်။

တာရိုဟာ သူ့ရွာပြန်ဖို့ လိပ်ကြီးရဲ့ကျောပေါ်ကို တက်လိုက်တာနဲ့ တစ်ပြိုင်နက် လိပ်ကြီးဟာ ရေပြင်ပေါ်သို့ ထိုးတက်သွားတော့တယ်။ အိမ်ပြန်ခရီးရဲ့ အစပေါ့။ တာရိုဟာ နန်းတော် တံတိုင်းကြီးတွေကို လွန်လာပြီးတဲ့အခါ တောင်ကြားတွေ၊ လွင်ပြင်တွေ၊ တောင်ကုန်းတွေကို ဖြတ်သန်းလာရတယ်။ အဲဒီနောက် ပင်လယ်ပြင်ကြီးပေါ်ကို တစ်ဟုန်ထိုး ကူးခတ်ရောက်ရှိသွားပြီး ရေမျက်နှာပြင်ပေါ် ရောက်ရှိတယ်ဆို

mgyoe.com

mgyoe.com


ရင်ပဲ ပင်လယ်ကမ်းစပ်မှာ သူတို့ ရွာကလေးကို ဘွားခနဲ တွေ့ရတော့တာ ပဲ။ လိပ်ကြီးဟာ တာရိုကို ကမ်းစပ်အထိ လိုက်ပို့ပေးတယ်။ တာရိုလည်း လိပ်ကြီးကို ဘေးမသီရန်မခဘဲ သူ့အရပ်ဒေသသို့ ချောချောမောမော လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုပြီး ကမ်းခြေရွာ ကလေးထဲကို ပြေးဝင်သွားလေတယ်။

ဒါပေမဲ့ သူ့ရွာကလေးကတော့ အများကြီးပြောင်းလဲသွားပြီ ဖြစ်တယ်။ ရွာကလေးရဲ့ အနောက်မှာရှိတဲ့ တောင်တန်းကြီးကတော့ မပြောင်းလဲဘဲ အရင်အတိုင်း ရှိနေပါရဲ့။ ဒါပေမဲ့ လမ်းတွေ၊ အိမ်တွေ၊ အားလုံးကတော့ လုံးဝပြောင်းလဲသွားပြီ ဖြစ်တယ်။

တာရိုဟာ ပြောင်းလဲနေတဲ့ လမ်းအတိုင်း လျှောက်လှမ်းပြီး သူ့ အိမ်ကလေးကို ရှာဖွေနေတယ်။ နောက်ဆုံး သူ့အိမ်ကလေးရှိရာကို လာခဲ့တယ်။ သူ့အိမ်ကလေးရှိရာကို ရောက်တဲ့အခါ သူဟာ မှင်တက်မိ သွားတော့တယ်။ သူ့ အိမ်ကလေး မရှိတော့ဘဲ သူ့အိမ်ကလေးနေရာမှာ တစ်ခါမှ မမြင်ဖူးတဲ့ တခြားအိမ်ကလေးကို မြင်တွေ့လိုက်ရတော့တယ်။

တာရိုဟာ ရွာသားတစ်ဦးဆီ သွားပြီး

'ဒီအိမ်ဟာ တာရိုအူရာရှိမာ နေတဲ့အိမ်လား' လို့ မေးလိုက် တယ်။

ရွာသားဟာ သူ့ကို တအံ့တသြ ပြန်ကြည့်ပြီး

'တာရို အူရာရှိမာ အိမ်မရှိတာ နှစ်ပေါင်းအတော်ကလေးကို ကြာ ပါပြီ၊ ကျွန်တော် ငယ်ငယ်တုန်းကတော့ ကျွန်တော့်အဘိုးက တာရို အူရာရှိမာ အကြောင်းကို ပြောခဲ့ဖူးပါတယ်၊ သူ့အဖေ ပြန်ပြောတာတဲ့၊ တာရိုအူရာရှိမာဟာ တစ်မနက်ခင်း ပင်လယ်ထဲ ငါးဖမ်းထွက်ပြီး နောက် ပိုင်းမှာ ရွာကို ပြန်မရောက်လာဘူးလို့ ပြောတယ်၊ သူ့လှေကိုတော့ ပြန်တွေ့ပါရဲ့၊ ဒါပေမဲ့ တာရိုကိုတော့ အဲဒီကတည်းက စပြီး မတွေ့ရ တော့ဘူးလို့ဆိုတယ်။ ရွာသူရွာသားတွေကတော့ တာရိုကို ကြောက်

mgyoe.com

mgyoe.com


စရာကောင်းတဲ့ ပင်လယ်သတ္တဝါတွေက အဝေးကို ဆွဲခေါ်သွားကြတယ်လို့ ပြောဆိုကြတာပဲ' လို့ ဆိုတယ်။

တာရိုလည်း ရွာသားစကားကို ကြားတဲ့အခါ အတော်လေး စိတ်ပျက်သွားတယ်။ အဲဒီနောက် ရွာသားကို ကျေးဇူးတင်စကား ပြောကြားပြီး ပင်လယ် ကမ်းစပ်သို့ ထွက်ခွာလာခဲ့တယ်။ သူဟာ လမ်းလျှောက်ရင်း နဂါးနန်းတော်ကြီးထဲမှာ သူဘယ်နနှစ် ကြာကြာနေခဲ့ပြီလဲဆိုတာကို ပြန်တွေးနေမိတယ်။ နှစ်ပေါင်း တော်တော်ကြာခဲ့တာ ဖြစ်မယ်လို့လည်း တွေးမိတယ်။ ဒါပေမယ့် သူ့ရွာ ပြန်ရောက်လာတဲ့အချိန်မှာတော့ သူဟာ လူငယ်အရွယ်ပဲရှိသေးတာကို တွေ့ရတယ်။ သူ့မိဘ၊ ဘိုးဘွားတွေ၊ မိတ်ဆွေ သူငယ်ချင်းတွေ၊ ရွာသူရွာသားတွေ ကတော့ သေဆုံးကုန်ကြပြီ။ သူတို့ အိုးအိမ်တွေလည်း ပျက်သုဉ်းကုန်ကြပြီ။ မိဘ၊ ဘိုးဘွား၊ မိတ်ဆွေ သူငယ်ချင်း၊ ရွာသူရွာသားတွေ နေရာမှာ တခြား သူစိမ်းတွေ ရောက်ရှိနေကြပြီ။ မိဘ ဘိုးဘွား၊ မိတ်ဆွေ သူငယ်ချင်းနှင့်ရွာသူရွာသားတွေရဲ့ အိုးအိမ်တွေနေရာမှာ အိုးသစ်အိမ်သစ် လမ်းသစ်တွေ ရောက်ရှိနေကြပြီ၊ အရာရာပြောင်းလဲသွားကြပြီဖြစ်တယ်။



mgyoe.com

mgyoe.com


တာရိုဟာ တွေးရင်း တွေးရင်း သူ့ဘဝ အထီးကျန်လာတာကို တွေ့သွားတယ်။ သူဟာ ဝမ်းနည်း ကြေကွဲသွားတယ်။

သူဟာ သူ့လက်ထဲက သူ့ဇနီးပေးလိုက်တဲ့ ယွန်းသေတ္တာနီကလေးကို သတိရသွားတယ်။ သူ့အဖော်ဆိုလို့ ယွန်းသေတ္တာလေးပဲရှိတော့တယ်။ တာရိုဟာ သူ့ဇနီးမင်းသမီးလေးကို ပေးထားတဲ့ ကတိစကားကို မေ့သွားပြီး ယွန်းသေတ္တာမှာ ချည်ထားတဲ့ ကြိုးကို ဖြေကာ အဖုံးကို ဖွင့်လိုက်တယ်။

အဲဒီလို သေတ္တာကို ဖွင့်လိုက်တယ် ဆိုရင်ပဲသေတ္တာထဲက မီးခိုးဖြူတွေ ထွက်လာတာကို တွေ့ရတော့တယ်။ အဲဒီနောက် တာရိုဟာ တဖြည်းဖြည်းအိုမင်းလာပြီး ဆံပင်တွေ ဖြူလာ၊ မုတ်ဆိတ်ဖြူတွေ ပေါ်ထွက်လာကာ အဘိုးအိုကြီးဘဝကို ချက်ချင်းရောက်ရှိသွားတော့တယ်။

အဲဒီအချိန်မှာ ပင်လယ်ရေပြင်အောက်က အော်ငိုလိုက်တဲ့ အသံတစ်ခုကို ကြားလိုက်ရတယ်။ အဲဒီ အသံဟာ သူ့ဇနီး မင်းသမီးကလေးရဲ့ အသံပဲပေါ့။

'အို တာရိုရယ်၊ မောင်တော်ရယ်၊ အချစ်ရယ် မောင်တော် နှမတော်ကို သေတ္တာမဖွင့်ပါဘူးလို့ ပေးထားတဲ့ ကတိစကားကို ဘာလို့ ဖျက်လိုက်တာလဲ၊ အခုတော့ ဒုက္ခလှလှကြီး တွေ့ရပြီပေါ့၊ နှမတော် ရင်ကွဲရပြီပေါ့၊ နှမတော်ဟာ မောင်တော်ရဲ့အသက်ကို ယွန်းသေတ္တာထဲ ထည့်ပိတ်ထားတာပါ၊ ဒါကြောင့် မောင်တော်ဟာ အိုမင်းမသွားဘဲ နဂိုအရွယ်အတိုင်း ရှိနေတာပေါ့၊ အခုတော့ သွားပြီပေါ့၊ သဲထဲရေသွန်ဖြစ်ကုန်ပြီပေါ့၊ မောင်တော်နှင့်ကွဲရပြီပေါ့ မောင်တော်ကို နောက်ဆုံးအနေနှင့်နှုတ်ဆက်ခဲ့ပါတယ်' လို့ မင်းသမီးကလေးရဲ့ ဝမ်းနည်းကြေကွဲစွာနှင့်ပြောဆိုသံကို ကြားလိုက်ရတယ်။

အဲဒီနောက် မင်းသမီးထံမှ ဘာသံမှ ထပ်မံ မကြားရတော့ဘူး။

mgyoe.com

mgyoe.com



အဘိုးအိုကြီး တာရို ဆက်ကြားရတာကတော့ ပင်လယ်လှိုင်း ရိုက်ခတ်သံတွေပဲ။ ပင်လယ်လှိုင်းတွေဟာ ကမ်းခြေအထိ လိမ့်တက်လာနေကြတယ်။

နောက်ဆုံး အဘိုးအိုကြီး တာရိုဟာ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးရင်းနှင့် သဲပြင်ပေါ်ကို လဲကျကာ သေဆုံးသွားလေတော့တယ်တဲ့ကွယ်။ ။

[Miyoko Matsutani ၏ ဂျပန်ပုံပြင် The Fisherman Under the Sea]

mgyoe.com

mgyoe.com



## မျောက်နှင့် ပုစွန်လုံး

တစ်ခါက နွေဦးနံနက်ခင်းတစ်ခုတွင် မျောက်နှင့် ပုစွန်လုံးတို့သည် မြစ်ကမ်းဘေးတွင် အတူတကွ ကစားနေကြလေသည်။ သူတို့သည် လိုက်တမ်းပြေးတမ်း ကစားနေကြစဉ် ပုစွန်လုံးသည် ဆန်ပေါက်ပေါက်ဆုပ် တစ်လုံးကို တွေ့ရှိလေသည်။ မျောက်ကလည်း ဂျပန်ဆီးချိုပင်ကြီးတစ်ပင်မှ ဆီးသီးတစ်လုံးကို ရရှိလေသည်။

ပုစွန်လုံးသည် မျောက်အား ဆန်ပေါက်ပေါက်ဆုပ်ကို ပြကာ 'ဒီမှာ ကြည့်စမ်း၊ ဘယ်လောက် အရသာရှိမယ့် အစားအစာလဲ' ဟု ပြောဆိုလေသည်။

မျောက်ကလည်း အားကျမခံ ပုစွန်လုံးအား ဆီးသီးကို ပြကာ

mgyoe.com

mgyoe.com


'ငါ့မှာလည်း သိပ်ကောင်းတဲ့ အစာတစ်ခု ရထားတယ်' ဟု ဆိုသည်။

မျောက်၏ အစားအစာသည် ဆီးသီး ဖြစ်သည်။ မျောက်သည် ဆီးသီးကို ကြိုက်နှစ်သက်သည်။ သို့သော်ယခုအချိန်တွင် မျောက်သည် ဆီးသီးကို မစားလိုပေ။ ဆန်ပေါက်ပေါက်ဆုပ်ကိုသာ စားချင်နေလေသည်။ သို့သော် ပုစွန်လုံးသည် သူ့ဆန်ပေါက်ပေါက်ဆုပ်နှင့် ဆီးသီးကို လဲယူရန် သဘောမတူချေ။ ထို့ကြောင့် မျောက်သည် ဉာဏ်ဆင်ကာ

'မင်းဟာ အနာဂတ်ကို မစဉ်းစားဘူးဆိုရင်တော့ မင်းလောက်မိုက်တာ မရှိတော့ဘူး၊ အခု မင်းစားမယ်ဆိုရင် ငါ့ဆီးသီးထက်ကြီးတဲ့ ဆန်ပေါက်ပေါက်ဆုပ်ကို မင်း စားနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ဒီဆီးစေ့ကို မြေကြီးထဲ ထည့်စိုက်ထားရင် မကြာခင် ဆီးပင်ကြီး ပေါက်လာပြီး ဆီးသီးတွေ အများကြီး ရလိမ့်မယ်၊ အခု ဆန်ပေါက်ပေါက်ဆုပ်ကို စားရင်တော့ တစ်ခါစားပဲ၊ မင်း တစ်သက်လုံး စားရမှာက ဆီးပင်ပဲ၊ စဉ်းစားပေါ့၊ ငါအခုပြောတာတွေကို မင်း မယုံဘူးဆိုရင် ငါကိုယ်တိုင် ဒီ ဆီးသီးစေ့ကို စိုက်ပြမယ်၊ အဲဒီအခါကျမှ မင်း ဆီးသီးနှင့် ဆန်ပေါက်ပေါက်ဆုပ် မလဲလိုက်ရလေခြင်း ဆိုပြီး နောင်တမဖြစ်နှင့် "ဟု သူ့ဆီးသီးနှင့်ဆန်ပေါက် ပေါက်ဆုပ်လဲလှယ်ရန် ပြောဆို တိုက်တွန်းနေလေသည်။

မျောက်၏ စကားကို ကြားသော် ပုစွန်လုံးသည် ခေတ္တခဏမျှ စဉ်းစားကာ မျောက်၏ စကားကို ယုံကြည်သွားလေသည်။ ထို့နောက် ပုစွန်လုံးသည် သူရရှိထားသော ဆန်ပေါက်ပေါက်ဆုပ်နှင့် ဆီးသီးကို လဲလှယ်ရန် သဘောတူလိုက်လေသည်။

မျောက်သည် သူ့ ဆီးသီးကို နှမြောချင်ယောင်ဆောင်ကာ ပုစွန်လုံးအား မပေးချင် ပေးချင်ဖြင့် ပေးလိုက်သည်။ ထို့နောက် မျောက်သည် ဆန်ပေါက်ပေါက်ဆုပ်ကို ယူကာ အားရပါးရ စားပစ်လိုက်လေ


mgyoe.com

mgyoe.com


သည်။

ပုစွန်လုံးသည် အိမ်ပြန်ရောက်သော် မျောက်ပြောကြားသည့်အတိုင်း ဆီးသီးကို မြေကြီးထဲတွင် ထည့်၍ စိုက်လေသည်။

နောက်တစ်နှစ် နွေဦးရာသီတွင် ပုစွန်လုံးသည် သူ့ဆီးပင် စိုက်ပျိုးထားသည့် နေရာသို့ လာရောက်ကြည့်ရှုလေသည်။ ထိုနေရာတွင် ဆီးပင်ကြီး တစ်ပင်ပေါက်ရောက်နေသည်ကို တွေ့ရလေ သည်။ ပုစွန်လုံးသည် ဆီးပင်ကြီးကို မြင်သော် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။ ဆီးပင်ကြီးမှာ တစ်နှစ်ထက် တစ်နှစ်ကြီးမားလာ လေသည်။ နောက်ဆုံး နွေဦးရာသီတွင် ဆီးပင်ကြီးမှာ ဆီးပွင့်များ ဖူးပွင့်လာလေသည်။ ပုစွန်လုံးသည် အလွန်ပျော်ရွှင်သွားသည်။ ဆောင်းဦး



mgyoe.com